မောင်လာနာ စိုက်ယစ်ဒ် ဟစံရှား
(ဟိုစိုင်နီ၊ ကောင်စရီ)

ပြုစုသူ မောင်လာနာ စိုက်ယစ်ဒ် ဟစံရှား
(ဟိုစိုင်နီ၊ ကောင်စရီ)

စီစစ်သူ မွတ်ဖ်သီ အာစွင်းမ် နဒ်ဝီ

အတွင်းစာစီ မွတ်ဖ်သီ အိုင်နွတ်ဒီးန် နဒ်ဝီ

بسم الله الرحمن الرحيم

ဟဇရသ် မောင်လာနာ မွတ်ဖ်သီ မုဟမ္မဒ် အာစွင်းမ်
(နဒ်ဝီ၊ အဗွလ်ဟာစနီ၊ မဇ္ဇာဟေ့ရီ)၏ ရင်တွင်းစကား

ပြီးပြည့်စုံသော ဒီးန်

ကျွန်ုပ်တို့သည် ဤလောကသို့ ﴿حقوق الله﴾ ဖန်ဆင်းရှင်၏ဝတ္တရားများကို ကျေပွန်ရန်နှင့် ﴿حقوق العباد﴾ အဖန်ဆင်းခံတို့၏ ဝတ္တရားများကို ကျပွန်စွာ ထမ်းဆောင်ရန် လာရောက်ရခြင်း ဖြစ်သည်။ ဤနှစ်ရပ် ပေါင်းစပ်ခြင်းကို ပြီးပြည့်စုံသော ဒီးန်ဟု ခေါ်ဆိုနိုင်သည်။

ငါးပွင့်တစ်ခိုင် သာသနာ့မဏ္ဍိုင်

ထိုတာဝန်နှစ်ရပ်ကို ယုံကြည်ခြင်း၊ ခဝပ်ခြင်း၊ အပေးအယူပြုခြင်း၊ ကူးလူးဆက်ဆံခြင်းနှင့် စာရိတ္တအလှဆင်မြန်းခြင်းဆိုသည့် ခေါင်းစဉ်များဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်နိုင်သည်။ ရှရီအသ် တရားတော်မြတ်၏ အဓိကအရင်းအမြစ်၊ ပင်မ မဏ္ဍိုင်များဖြစ်သော ကုရ်အာန်၊ ဟဒီးဆ်၊

ဖေကဟ် ကျမ်းအစောင်စောင်တွင်လည်း အထက်ပါ အခ ချက်များကို စနစ်တကျ ဂရုတစိုက် လိုက်နာဆောင် ရွက်ရန် တိုက်တွန်းနှိုးဆော်ထားကြောင်းတွေ့ရှိရသည်။

မြင့်မြတ်တော်မူသော အရှင်မြတ်သည် မိမိနှင့် သက် ဆိုင်သည့် ဝတ္တရားများ ပျက်ကွက်ခဲ့လျင် ခွင့်လွှတ်ပေး ကောင်း ခွင့်လွှတ်ပေးမည်ဖြစ်ပြီး ဖန်ဆင်းခံတို့ကြားရှိ ဝတ္တရားများကို ပျက်ကွက်ခဲ့လျင် ကာယကံရှင်တို့ ကျေ နပ်မှသာ အဆင်ပြေမည်ဖြစ်ကြောင်း ကိုယ်တော်သခင် ﷺအမိန့်ရှိထားသည်။ သို့သော် ကျွန်ုပ်တို့သည် ဤမျှ အ ရေးကြီးလှသော﴿حقوق العباد﴾ကို ဥပက္ခာပြုထားသည်မှာ ဝမ်းနည်းစရာပင်။

နေကာဟ်၏အခန်းကဏ္ဍ

နေကာဟ် (လက်ထပ်ထိမ်မြားခြင်း)သည် ﴿حقوق العباد﴾၏ အဓိကကဏ္ဍနှင့်ပတ်သက်ဆက်နွယ်နေသည်။ နေကာဟ်ပြုလုပ်လိုက်ခြင်းဖြင့် အီမာန်တစ်ဝက် ပြည့်ဝ သွားပြီး။ ကျန်တစ်ဝက် ပြည့်ဝရန် 'သက္ကဝါ'အရှင့် အ

ကြောက်တရားကို) လက်ကိုင်ထားရမည်ဖြစ်သည်။ ဤသည် အစွလာမ့်အိမ်ထောင်ရေးစနစ်အတွက် အဓိက အုတ်မြစ်ပင်ဖြစ်သည်။ ထိုမှတဆင့် ဇနီးမောင်နှံ နှစ်ဦးတို့သည် 'သက္ကဝါ'ပေါ်တည်ဆောက်ထားသည့် နေကာဟ်ဗိမာန်လေးအား သစ္စာတရားကို ဗဟိုတည်၊ အချစ်များဖြင့်ဝန်းရံ၊ ကြင်နာခြင်းများဖြင့်အဖော်ပြု၊ အပြန်အလှန်နားလည်ပေးခြင်းဖြင့်ကာမိုးပြီး၊ သီးခံခြင်းတရားဖြင့် အလှဆင်မှသာလျင် ထိုနေကာဟ်ဗိမာန်မှာ ခိုင်ခံ့နိုင်မည်၊ တင့်တယ်နိုင်မည်ဖြစ်သည်။

နေကာဟ်၏အနှစ်သာရ အညွှန်းကျမ်းများ

ကမ္ဘာဦးအစမှယနေ့တိုင် နေကာဟ်နှင့် စပ်လျဉ်း၍ လမ်းညွှန်ချက်များ၊ နေကာဟ်အကြောင်း ရေးသားဖော်ပြသည့် ကျမ်းအမြောက်အများကို အစွလာမ့် စာပေရတနာသိုက်တွင် ကျွန်ုပ်တို့တွေ့ရှိရသည်။ အချို့ကျမ်းများက နေကာဟ်ပြုခြင်း၏ အကျိုးကျေးဇူးများကို၊ အချို့က နေကာဟ်၏အမိန့်ပညတ်ချက်များကို၊ အချို့က နေကာဟ်မပြုမီ ပြင်ဆင်သင့်သည်များကို၊ အချို့က နေကာဟ်ပြီး

ချိန်လိုအပ်သည့် လမ်းညွှန်ချက်များကို၊ အချို့က ခိုင်မြဲသော အိမ်ထောင်ရေး တည်ဆောက်နည်းများကို၊ အချို့က နေကာဟ်နိတိကျမ်းများကို စသည်ဖြင့် မိမိတို့ အားသန်ရာ အသားပေး ဖော်ပြထားကြသည်။ အားလုံးပင် သမိုင်းအချိုးအကွေ့တစ်ခုတွင် စာပေသမိုင်းကြွေး ကျပွန်ခဲ့ကြပါသည်။ အရှင်မြတ်အားလုံးကို ကောင်းသော အစားများ ချီးမြှင့်ပေးသနားတော်မူပါစေ။ (အာမီးန်)

နေကာဟ်ကောင်းမှု တာဝန်တစ်ခု

ကျွန်ုပ်တို့၏ကျေးဇူးရှင်ဆရာကြီး အစ္စလာမ့် အတွေးအခေါ်ပညာရှင် ဟဇရသ် မော်လာနာ စိုင်ယစ်ဒ် အဗွလ် ဟစံအလီ (ဟစန်၊နဒ်ဝီ) ﵀ ကလည်း နေကာဟ်နှင့် ပတ်သက်ပြီး ထူးထူးခြားခြား မိန့်ခွန်းတစ်ရပ်ကို မိန့်ခြွေခဲ့ပါသည်။ ထိုမိန့်ခြွေချက်ပါ အနှစ်သာရများ၊ သတင်းစကားများသည် ခိုင်မာကျစ်လျစ်ပြီး ပြုံင်စံရှားဖြစ်ခဲ့ပါသည်။ ဆရာကြီး၏နှုတ်မှ ခြွေသော ထိုရွှေ စကားများသည် ကျွန်ုပ်တို့မစဉ်းစားမိသည့် နေကာဟ်ဆိုင်ရာ အလင်းတရားများဆီ ခေါ်ဆောင်သွားသည်။ နေကာဟ်ဆို

သည်မှာ ဓလေ့ထုံးတမ်းတစ်ခု မဟုတ်ကြောင်း၊ အေဇာဒသ် တစ်ခုဖြစ်ကြောင်း၊ နည်းမှန်လမ်းမှန်ဖြင့် ဆောင်ရွက်လျှင် အကျိုးတရားများစွာရှိကြောင်း၊ နေကာဟ်တွင် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိရမည့်အကြောင်း၊ နေကာဟ်ကို ကုန်ကျစားရိတ် အနည်းဆုံးပုံစံဖြင့် ဆောင်ရွက်ရမည့်အကြောင်း၊ နေကာဟ်အစီအစဉ်များတွင် နဗီတမန်တော်မြတ်ﷺဖတ်ရွတ်လေ့ရှိသော အာယသ်တော်များ၏တောင်းဆိုချက်များအကြောင်း၊ အစွလာမ့်နည်းကျ အိမ်ထောင်မှုဘဝအတွက် အကောင်းဆုံးသော အိမ်ထောင်ရေး စံနမူနာရှင်တို့၏အကြောင်းများကို စိတ်ဝင်စားဖွယ် ပုံစံဖြင့် တင်ပြထားသည်မှာ အားရကျေနပ်ဖွယ်ကောင်းလှပါသည်။ ထိုလမ်းညွှန်ချက်များသည် အာနိသင်များနှင့် ပြည့်မောက်နေပြီး ယင်းတို့ကို လိုက်နာခြင်းဖြင့် ယနေ့ခေတ် အိမ်ထောင်ရှင်များ ကြုံဆုံနေရသည့် အိမ်ထောင်ရေး ဒုက္ခများ၊ အနိဋ္ဌာရုံအများစုသည် သုခအသွင်သို့ ပြောင်းသွားနိုင်မည်ဖြစ်သည်။

ထိုတင်ဆက်မှုများကို ကျွန်ုပ်၏ ချစ်မိတ်ဆွေ တစ်ဦးဖြစ်သည့် မော်လာနာ စိုင်ယစ်ဒ်မုဟမ္မဒ် ဟစံရှား

(ဟူစိုင်နီ၊ ကောင်ဆရီ) မှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပါသည်။ မော်လာနာဟစံရှားသည် ဟဇရသ်မော်လာနာအဗွလ် ဟစံ အလီနဒ်ဝီသခင်ကြီးနှင့် သွေးအရ ဆွေမျိုးတော်စပ်သူဖြစ်ပြီး၊သခင်ကြီး၏စာအုပ်စာပေများကိုလည်း နှစ်အတန်ကြာကတည်းကပင် သုတေသနဆန်ဆန် လေ့လာနေသည့် မျိုးဆက်သစ် ကလောင်ရှင် အာလင်မ် တစ်ပါးဖြစ်သည်။ ဤအလျင်ကလည်း ဟဇရသ် မော်လာနာအဗွလ်ဟစံအလီ နဒ်ဝီ ပေါ်ကြားခဲ့သည့်﴿نیاطوفان﴾ အမည်ရှိစာအုပ်ငယ်ကို " မုန်တိုင်းသစ်ကို ရင်ဆိုင်အန်တုခြင်း"အမည်ဖြင့်၊ ﴿بصائر﴾ အမည်ရှိ စာအုပ်ကို " အမှောင်ဝဲဂယက်တွင် လင်းရောင်ထွန်းညှိသူများ" အမည်ဖြင့် အသီးသီး ဘာသာပြန်ဆိုခဲ့ပြီး စာပေပညာရှင် အသိုင်းအဝိုင်း၏ ကောင်းချီသြဘာများ ကိုရရှိထားသူဖြစ်သည်။ ဆရာ၏သက်တမ်းကို စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့်တကွ အဓွန့်ရှည်စေ တော်မူပြီး သာသနာ့ကြိုးပမ်းမှုများကို ဆထက်ထမ်းပိုး သယ်ပိုးနိုင်ပါစေဟု အရှင်မြတ်ထံ တောင်းဆုပန်ပါသည်။

ကျွန်တော့်အနေဖြင့် ဆရာ၏ ဘာသာပြန်စာမူကို စ၊ လယ်၊ ဆုံး တစ်ကြိမ်ထက်မနည်း ဖတ်ရှုခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခွင့်ရခဲ့ပါသည်။ ဘာသာပြန်သူအနေဖြင့် ဘာသာပြန်ကျင့်ဝတ်ကို ထိန်းသိမ်းရင်း မူရင်းအနှစ်သာရများ၊ သဘောတရားများကိုပါ ဟန်ချက်ညီစွာ တင်ပြထားပြီး အဆိုပါ သဘောတရားများမှသည် ခံစားချက်များ ဆီသို့ရောက် ပေါင်းကူးပေးထားခြင်းမှာ ရွှေပေါ်မြတင်ရုံသာမကဘဲ နဝရတ်ကိုးပါး စီခြယ်လိုက်ဘိ အလား တင့်တယ်လွန်းလှပါသည်။

မူရင်းကျမ်းရှင်ကြီး ဟဇရသ် မော်လာနာ အဗွလ် ဟစံအလီ နဒ်ဝီ၏ နှလုံးသားဖြင့်တွေးပြီး နှလုံးသွေးဖြင့် မှတ်ကျောက်တင်ကာ မျက်ရည်ဖြင့် သက်သေတည်ခဲ့သည့် အဖိုးတန်ဓမ္မလမ်းညွှန်ချက်များကို စာဖတ်ပရိသတ်အနေဖြင့် နှလုံးသွင်းပြီး မိမိတို့၏ လက်တွေ့ဘဝကို အလှဆင်ရန် ပန်ကြားအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မူရင်းဟောကြားခဲ့သည့် ကျေးဇူးရှင် ဆရာသခင်ကြီး ဟဇရသ် မော်လာနာ စိုင်ယစ်ဒ် အဗွလ်ဟစံအလီ(ဟစနီ၊နဒ်ဝီ)သခင်ကြီးနှင့် ဘာသာပြန်

ဆိုသူ မော်လာနာစိုင်ယစ်ဒ် ဟစံရှား(ဟူစိုင်နီ)တို့ အား လုံးကိုလည်း စာဖတ်ပရိတ်သတ်ဘက်မှ ကောင်းသော အစားများ အရှင်မြတ်ချီးမြှင့်ပေးသနားတော်မူပါစေ။ ဤ ကျမ်းငယ်ကိုလည်း ကျွန်ုပ်တို့အတွက် မဂ််လာအပေါင်း ဆောင်ကြဉ်းပေးမည့် ကျမ်းအဖြစ် လက်ခံပေးသနား တော်မူပါစေ။

မုဟမ္မဒ် အာစွင်းမ် (နဒ်ဝီ၊အဗွလ်ဟစနီ၊မဇ္ဈာဟ့ရီ)
ဟစ်ဂျ်ရီ ၁၄၄၁ ခု၊ ဂျူမာဒတ်ဆ်ဆာနီ၊(၂၈)ရက်၊
ခရစ်နှစ် ၂၀၂၀ခု၊ ဖေဖဝါရီလ (၂၂)ရက်၊ စနေနေ့

بسم الله الرحمن الرحيم

"နေကာဟ်ကောင်းမှု တာဝန်တစ်ခု"

နေကာဟ်ဟာ ဘဝမှာ အင်မတန်အရေးပါတဲ့ လိုအပ်ချက်တစ်ခုဖြစ်တယ်။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် အားလုံးဟာ တစ်ဦးကိုတစ်ဦး လိုအပ်တယ်။ နေကာဟ်ဟာ အလွန်အရေးပါတဲ့ ကောင်းမှုတစ်ခုဖြစ်သလို တမန်တော်မြတ်ﷺရဲ့ စွန့်သင်္ကေတ်တစ်ခုလည်း ဖြစ်တယ်။ တမန်တော်မြတ်ﷺမိန့်တော်မူသည်မှာ.....

النِّكَاحُ مِنْ سُنَّتِي، فَمَنْ لَمْ يَعْمَلْ بِسُنَّتِي فَلَيْسَ مِنِّي، وَتَزَوَّجُوا، فَإِنِّي مُكَاثِرٌ بِكُمُ الْأُمَم.

(رواه ابن ماجه: رقم الحديث ١٨٤٦)

"နေကာဟ် ထိမ်းမြားခြင်းသည် ငါကိုယ်တော်၏ ဓလေ့တော်တစ်ခုဖြစ်သည်။ သို့ရှိရာ ငါ၏ဓလေ့တော်ကို မကျင့်သုံးသူသည် ငါ၏အသင်းသားထဲမှ မဟုတ်ပေ။"

"ငါကိုယ်တော်ဟာ ကေယာမသ်နေ့မှာ ငှါအွမွသ်ရဲ့ တိုးပွားများပြားမှုအပေါ်မှာ ဂုဏ်ယူတော်မူမည်လို့ တမန်တော်မြတ်ﷺက မိန့်တော်မူထားတယ်။

ကိုယ့်ဇနီးနဲ့ ကောင်းမွန်တဲ့ အနှောင်အဖွဲ့ထားတာ၊ ရိရိမောမောနဲ့ ကျိစယ်ပြောတာ၊ သူ့ကိုပေးရမယ့် အခွင့်အ ရေးကို ပေးတာတွေဟာလည်း အင်မတန် ကုသိုလ်အ ကျိုး ကြီးမားပါတယ်။

စားခြင်း၊ သောက်ခြင်းဟာလည်း ဘဝမှာ အလိုအပ် ဆုံးအရာ တစ်ခုပဲ။ အကယ်၍ လူတစ်ယောက်ဟာ စား မယ် သောက်မယ်။ စားလိုက် သောက်လိုက်လို့ ရလာတဲ့ အင်အားကို အလွှာဟ်ရှင်မြတ် နှစ်သက်တဲ့ နေရာတွေ မှာ သုံးမယ်လို့ရည်သန်လိုက်ရင် သူစားတာဟာ ကောင်း မှုတစ်ခုပဲ။ အပေါ်ယံကြည့်ရင် စားခြင်း သောက်ခြင်းဟာ ကောင်းမှုတစ်ခုလို့ မထင်ရပေမယ့် တကယ်တန်းတော့ ကုသိုလ်အကျိုး ဖြစ်ထွန်းစေတဲ့အရာဖြစ်တယ်။ အလွှာဟ် အရှင်မြတ်ဟာ အစားအသောက်ကို လူသားတို့ ဘဝရှင် သန် ရပ်တည်ရာ အကြောင်းခံတစ်ခု အဖြစ်ပြုလုပ်ထား တယ်။

နေကာဟ်ထိမ်းမြားခြင်းနဲ့ဇနီးသည်ရဲ့တာဝန်၊ဝတ္တရား တွေ ကျပွန်အောင် ထမ်းရွက်ခြင်းကိုလည်း လူသားမျိုး ဆက်ပွားများရာ အကြောင်းခံအဖြစ် ပြုလုပ်ထားတော် မူတယ်။

တခါက သာဝကကြီးများက "ဇနီးသည်နဲ့ အတူတ ကွ နေထိုင်ခြင်းဟာလည်း ကောင်းမှုကုသိုလ် ပွားများရာ ရောက်ပါသလားလို့" တမန်တော်မြတ်ﷺအား မေးမြန်း လျှောက်ထားခဲ့ကြတယ်။ ထိုအခါ တမန်တော်မြတ်ﷺက "အဘယ်ကြောင့် ကောင်းမှုကုသိုလ် မဖြစ်ရမှာလဲ၊ အ ကယ်၍ လူသားဟာ မိမိရဲ့ကာမဂုဏ်ကို တလွဲဖြည့် ဆည်း အသုံးချရင်ရော အပြစ်မဖြစ်ပေဘူးလား?" လို့ မိန့် တော်မူတယ်။

သာဝကများက "မုချအပြစ်ထိုက်မှာပဲ"လို့ပြန်လည် ဖြေကြားခဲ့တယ်။ ထိုအခါ တမန်တော်မြတ်ﷺက "မ ကောင်းမှု ဒုစရိုက်ကနေ ထိန်းသိမ်းကာကွယ်ပေးတဲ့ အ ရာမှာ ကုသိုလ်အကျိုး မရှိဘဲနေမလား"လို့ နားလည် အောင် ရှင်းလင်းတင်ပြခဲ့တယ်။ (صحيح ابن حبان: رقم الحديث ٤١٦٧)

မုစ်လင်မ်တို့ရဲ့ လူနေမှုဘဝတစ်ခုလုံးမှာ ဘယ်ကလွှမ္မ သဘဿနှလမ်းညွှန်မှု ကင်းမဲ့နေတာ မရှိဘူး။ အဲ့ဒီလမ်းညွှန်မှုကို လိုက်နာကျင့်ကြံရင် ကုသိုလ်အကျိုးရရှိမယ်။ သွေဖည် ဆန့်ကျင်ရင် အပြစ်ထိုက်မယ်။

ဒါပေမယ့် ဝမ်းနည်းစရာအချက်က စားခြင်း သောက်ခြင်းရဲ့ စွန့်သည်တွေ၊ ကောင်းမှုတွေကို မေ့လျော့ပေါ့ဆ နေကြသလို နေကာဟ်ရဲ့ကောင်းမှုတွေကိုလည်း မေ့လျော့ပေါ့ဆနေကြတယ်။ နေကာဟ်ပွဲမှာ တစ်ဆွေ တစ်မျိုးလုံးရော၊ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေရော အင်တိုက်အားတိုက် ပါဝင်ပျော်ရွှင်ကြည်နူးကြတယ်။ ဒါပေမဲ့ သူတော်စင်တစ်ပါး ပြောသလိုပဲ နေကာဟ်ပွဲမှာတော့ စိတ်ဆိုးနေတဲ့သူတွေ၊ ငေါက်ငန်းထားတဲ့သူတွေ အားလုံးကို ပြန်ချော့လိုက်ကြတယ်။ ဒါပေမယ့် အလွှာဟ်နဲ့ အလွှာဟ့် ရစူလ်ကိုတော့ လုံးဝဂရုမစိုက်ကြဘူး။ ပြီးတော့ ဒါဟာ စိတ်လွတ်ကိုယ်လွတ် ပျော်ရပါးရမယ့် အချိန်ဖြစ်တယ်လို့ ပြောပြီး တားမြစ်ထားတာတွေကို ချိုးဖောက်တယ်။ အစားအသောက်၊ ဖိတ်စာတွေကို လိုအပ်တာထက်ပိုပြီး ဟိတ်ဟန်လုပ်တယ်။ မဟရိပမာဏကို အလွန်အကျွံပေး

ပြီး ပြုင်ဆိုင်ပြစားကြတယ်။ အတီးအမှုတ်၊ အက အခုန် စတဲ့ ဒုစရိုက် ပေါင်းများစွာ ကျူးလွန်တယ်။

မှတ်ထားလိုက်ကြပါ.....

အလ္လာဟ်နဲ့အလ္လာဟ်ရစူလ်ကို စိတ်ဆိုးစေတဲ့ ပျော်ပွဲတွေဟာ ပျော်ပွဲမဟုတ်ဘူး။

နေကာဟ်ဆိုတာ မဆုံဖူးသေးတဲ့ နှစ်ယောက်ဆုံဆည်း စေတဲ့အရာသက်သက် မဟုတ်ဘူး။ နေကာဟ်ဆို တာ ဆွေမျိုးသားချင်းတွေ၊ မိတ်ရင်းဆွေရင်းတွေ ဆုံစည်းပြီး တည်ခင်းဧည့်ခံ ကျွေးမွေးတဲ့ ပွဲသက်သက်လည်း မဟုတ်ဘူး။ အကယ်၍သာ နေကာဟ်တစ်ခု၊ ဝလီမဟ် တစ်ခုဟာ အစွလာမ့်တရားတော်နဲ့အညီသာ ဖြစ်မယ်ဆိုရင် အဲ့ဒီနေကာဟ်၊ အဲ့ဒီဝလီမဟ်ဟာ လက်လွတ်ဆုံးရှုံးခဲ့တဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ ရဟ်မသ်တော်ကို ပြန်လည် စွဲငင်ရယူရာ အကြောင်းခံလည်းဖြစ်တယ်။

နေကာဟ် ထိမ်းမြားမင်္ဂလာကြောင့် ယောကျ်ားလေးရဲ့ မိသားစုမှာ ဘာမှလျော့မသွားပါဘူး။ တစ်ယောက်ပိုလာ တာပဲရှိမယ်။ ဒါပေမယ့်လည်း အတွေးအခေါ် နည်းပြီး ဉာဏ်တိမ်တဲ့ လူငယ်တချို့ဟာ ကိုယ့်မိသားစု ဝင်ထဲ

မှာ တစ်ယောက်ကိုတိုးပြီး ကျန်တဲ့ကိုယ့်မိသားစုဝင်တွေကို ဥပေက္ခာပြုလိုက်ကြတယ်။ ဒါဟာ မဟာအမှားကို ကျူး လွန်တာဖြစ်တယ်။ အဲ့ဒီနှစ်ယောက်ကို ဆုံဆည်းစေခဲ့တဲ့ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူထားတယ်...

وَاتَّقُوا اللَّهَ الَّذِي تَسَاءَلُونَ بِهِ وَالْأَرْحَامَ

"အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်လော့။ အသင်တို့သည် ထိုအရှင်မြတ်အား အကြောင်းပြု၍ မိမိတို့အချင်းချင်း (မိမိတို့၏ အခွင့်အရေးများကို) တောင်းဆိုကြကုန်၏။ ၎င်းအပြင် အသင်တို့သည် ဆွေမျိုးသားချင်းတို့၏ အခွင့်အရေးများကို ဆုံးရှုံးနစ်နာစေခြင်းမှလည်း ကြဉ်ရှောင်ကြကုန်လော့"

အထက်ပါ အာယသ်တော်က အခြားဆွေမျိုးတော်စပ်သူတွေကိုလည်း ဥပေက္ခာမပြုဖို့၊ အလ္လာဟ်အရှင်မြတ်ရဲ့ အကြောက်တရားထားဖို့ အမိန့်ရှိထားတယ်။ အလ္လာဟ်အရှင်မြတ်က ဇနီးမောင်နှံနှစ်ဦးကို ဆုံစည်းစေပြီးနောက် တစ်ဆက်တည်း ဆွေမျိုးသားချင်းတွေကို အဆက် ထားခိုင်းထားတယ်။ မိဘတွေကို ဂရုစိုက်ခိုင်း ထားတယ်။ ညီကိုမောင်နှမတွေရဲ့ တာဝန်ဝတ္တရားတွေကို

ကျပ္ငွန်ခိုင်းထားတယ်။ ဆိုလိုတာက ဇနီးကိုလည်း ချစ်ရမယ်၊ သူ့ကိုပေးရမယ့် အခွင့်အရေးတွေကိုလည်း အပြည့် အဝပေးရမယ်။ တခြား ဆွေမျိုးသားချင်းတွေကိုလည်း ဥပေက္ခာမပြုရဘူး။

နေကာဟ်ရဲ့ပေးစာ

မျက်မှောက်ခေတ် နေကာဟ်ပွဲတွေ၊ စေ့စပ်ကြောင်းလှမ်းပွဲတွေဟာ မုစ်လင်မ်နဲ့ဘာသာခြားရယ်လို့ ဘာမှခွဲမရအောင်ပဲ။ အဲ့ဒီပွဲတွေမှာ ဂုဏ်တုဂုဏ်ပြိုင်မှုတွေကို ဦးစားပေးတယ်။ ငွေရေးကြေးရေးအခြေနေတွေကို အလေးပေးတယ်။ ဓလေ့ထုံးတမ်းစဉ်လာတွေကို ဇောင်းပေးတယ်။ ခေတ်သစ်ပညာရေးနဲ့၊ ယဉ်ကျေးမှုကလည်း ဒါတွေကို ပြောင်းလဲမပစ်နိုင်ခဲ့ဘူး။ သူကိုယ်တိုင် အလွှမ်းမိုးခံနေရတယ်။

အမှန်တကယ်မှာ နေကာဟ်ထိမ်းမြားမင်္ဂလာဆိုတာ လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းရုံသက်သက် မဟုတ်ဘူး။ နေကာဟ် ထိမ်မြားမင်္ဂလာဆိုတာ အလွှာဟ်အရှင်မြတ်နဲ့ နီးကပ်ရာနီးကပ်ကြောင်းဖြစ်စေတဲ့ ကောင်းမှုကု

သိုလ်ကြီး တစ်ခုဖြစ်တယ်။ နမားဇနဲ့ဘာမှ သိပ်မကွာခြားဘူး။ ပုံစံပဲ ကွာတယ်။

နေကာဟ်ထိမ်းမြားမင်္ဂလာဆိုတာ ဓလေ့ထုံးစံတစ်ခုပဲ မဟုတ်ဘူး။ ဓလေ့ထုံးတမ်းဆိုတာ အစွဲလမ့်အမြင်မှာ ရှိကိုမရှိဘူး။ အယူကွဲပြားသူများနှင့် အနေများရင်းများရင်း အဲ့ဒီအယူအဆတွေ ပေါ်ပေါက်လာတာဖြစ်တယ်။ အချုပ်ဆိုရရင် နေကာဟ်ထိမ်းမြားမင်္ဂလာဆိုတာ ကောင်းမှုကုသိုလ်ဟူးရာ ကိစ္စတစ်ခုဖြစ်တယ်။ ကောင်းမှုကုသိုလ်ဟူးများနေတယ်ဆိုတဲ့ အမြင်နဲ့ ထိမ်းမြားမင်္ဂလာပွဲတွေ ပြုလုပ်ကြရမယ်။ ပါဝင်ဆင်နွှဲကြရမယ်။

ရှေးသူမွန်သူမြတ်တို့ရဲ့ နေကာဟ်ထိမ်းမြားမှုပုံစံ

အစွဲလမ်းသာသနာတော်မှာ နေကာဟ်တာဝန်နဲ့ မင်္ဂလာ သဘင်ဟာ အင်မတန် ရိုးရှင်းလွယ်ကူတယ်။ နေကာဟ်ဆိုတာ ဘဝပေးတာဝန်တစ်ခု၊ လူလိုအပ်ချက်တစ်ခု၊ ကောင်းမှုကုသိုလ်ဟူးများရာကိစ္စတစ်ခုလို့ ယူဆပြီး တာဝန်ချရတဲ့ အရာဖြစ်တယ်။

နေကာဟ်မှာ လက်ထပ်ထိမ်းမြားဖို့ ခွင့်ပန်ခြင်း၊ ခွင့်ပြုခြင်း စကားလုံးနှစ်လုံးနဲ့ သက်သေနှစ်ယောက်ပဲ အရေးကြီးတယ်။ အရေးကြီးရတဲ့အကြောင်းကလည်း လက်ထပ် ထိမ်းမြားလိုက်တဲ့အတွဲဟာ မှောင်ခိုအတွဲ မဟုတ်ဖူး၊ ပုန်းလျှိုးကွယ်လျှိုး လက်ထပ်ထားတဲ့အတွဲ မဟုတ်ဖူးဆိုတာ အာမခံချက်ပေးချင်လို့ပဲ။ ဒါ့ကြောင့် နေကာဟ်ကို တတ်နိုင်သလောက်ကြည်ညာမောင်းခတ်ဖို့ အရေးကြီးရတာပဲ။ သက်သေနှစ်ယောက်ကတော့ လိုကိုလိုတယ်။ အမျိုးသားက မဟရ်ပေးရတယ်။ အမျိုးသမီးရဲ့ စားဝတ်နေရေး တာဝန်ယူရတယ်။ ဒါ့အပြင် ဘာမှအရေး မကြီးဘူး။ ဒါနဲ့ပတ်သက်ပြီးလည်း အစွလာမ့်သမိုင်းမှာ သက်သေသာဓကတွေ ထုနဲ့ဒေးပဲ။

တမန်တော်မြတ်ﷺရဲ့ ခေတ်အခါသမယမှာ မဒီနာမြို့တော်ရဲ့လူဦးရေဟာ နည်းပါးသလို မုစ်လင်မ်ဦးရေကလည်း အင်မတန် နည်းပါးတယ်။ မက္ကာဟ်ကနေ မဒီနာမြို့တော်ကို ပြောင်းရွှေ့လာတဲ့ စွဟာဗဟ်တွေထဲမှာ ကိုယ်တော်ရဲ့ ဆွေမျိုး အရင်းအခြာတွေနဲ့ ဆွေရိပ်မျိုးရိပ် မကင်းတဲ့သူ တွေလည်းပါခဲ့တယ်။ သူတို့က နေကာဟ်

ပွဲတွေမှာ တမန်တော်မြတ်ﷺကို ဖိတ်ဖို့ လိုအပ်တယ်လို့ တောင် မထင်ခဲ့ကြဘူး။ တကယ်ဆို ဒီလိုပွဲတွေမှာ တမန်တော်မြတ်ﷺ ကိုယ်တိုင်ပါဝင်ခြင်းဟာ အင်မတန် ကျက်သရေမဂ်လာရှိပြီး ဂုဏ်ယူဖွယ်အချက်ဖြစ်တယ်။

အင်မတန်ကြီးကျယ်တဲ့ စွဟာဗဟ်ကြီး အဗ်ဒွရ်ရဟ်မားန်ဗင်နအောက်ဖ်သခင်ဟာ မဒီနာရွှေမြို့တော်ကို လာပြီး ထိမ်းမြားမဂ်လာဆောင်နင်းခဲ့တယ်။ နေကာဟ်ပြီး နောက်ရက် စွဟာဗဟ်ကြီးရဲ့အဂ်ျီကနေ အမွေးရနံ့ရတော့မှ တမန်တော်မြတ်ﷺက ရိပ်စားမိခဲ့တယ်။ အဲ့တော့မှ စွဟာဗဟ်ကြီးဟာ မနေ့က သူထိမ်းမြား လက်ထပ်ခဲ့ကြောင်း လျှောက်ထားခဲ့တယ်။ အဲ့ဒီကျမှ တမန်တော်မြတ်ﷺက စွဟာဗဟ်ကြီးကို "ဆိတ်လေးတစ်ကောင်နဲ့ပဲဖြစ်ဖြစ် ဝလီမဟ်တော့လုပ်ကို လုပ်လိုက်ပါ"လို့ မိန့်မှာခဲ့တယ်။

မင်္ဂလာစကားနဲ့မောင်နှံဝတ္တရား

တမန်တော်မြတ်ﷺက နေကာဟ်အခမ်းအနားတွေမှာ အောက်ပါအာယသ်တော်တွေကို မိန့်ချေခဲ့တယ်။ အဲဒီ မိန့်ခွန်းတွေထဲမှာ မင်္ဂလာစကား၊ မောင်နှံဝတ္တရားနဲ့ အလင်းတရား၊ သတင်းစကားတွေ ပါဝင်ကွန့်မြူးနေတယ်။

يَاأَيُّهَا النَّاسُ اتَّقُوا رَبَّكُمُ الَّذِي خَلَقَكُمْ
مِنْ نَفْسٍ وَاحِدَةٍ وَخَلَقَ مِنْهَا زَوْجَهَا وَبَثَّ مِنْهُمَا
رِجَالًا كَثِيرًا وَنِسَاءً وَاتَّقُوا اللَّهَ الَّذِي تَسَاءَلُونَ بِهِ
وَالْأَرْحَامَ إِنَّ اللَّهَ كَانَ عَلَيْكُمْ رَقِيبًا.

(سورة النساء :الآية- ١)

"အို-မနုဿ လူသားအပေါင်းတို့ ၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ကြောက်ရွံ့(ရိုသေ) ကြကုန်လော့။ ထိုအရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်

သည် ထိုအသက်တစ်ချောင်းတည်းမှပင် ၎င်း၏ ကြင်ယာကြင်ဖက်ကိုလည်း ဖန်းဆင်းတော်မူခဲ့လေ၏။ ၎င်းနောက် ထို လူသားနှစ်ဦးတို့မှ များပြားလှစွာသော ယောကျ်ား၊ မိန်းမတို့ကို ပြန့်ပွားစေတော်မူခဲ့ လေသည်။ သို့ရှိရာ အသင်တို့သည် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်လော့။ အသင်တို့သည် ထိုအရှင်မြတ်အား အကြောင်းပြု၍ မိမိတို့အချင်းချင်း (မိမိတို့၏အခွင့်အရေးများကို) တောင်းဆိုကြကုန်၏။ ၎င်းပြင် အသင်တို့သည် ဆွေမျိုးညာတိ(တို့၏ အခွင့်အရေးများကို ဆုံးရှုံးနစ်နာစေခြင်း)မှလည်း ကြဉ်ရှောင်ကြကုန်လော့။ ဧကန်စင်စစ် အလွှာဟ်အရှင်မြတ်သည် ကြီးကြပ်ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။"

يَاأَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ حَقَّ تُقَاتِهِ وَلَا تَمُوتُنَّ إِلَّا وَأَنْتُمْ مُسْلِمُونَ. (سورةآل عمران :الآية- ١٠٢)

"အို-မုအ်မင်နယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ ရိုသေအပ်သည့်အတိုင်း ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် မွတ်စ်လင်မ်များအဖြစ်မှတပါး အခြားအဖြစ်နှင့် မသေဆုံးကြကုန်လင့်။"

يَاأَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَقُولُوا قَوْلًا سَدِيدًا .

يُصْلِحْ لَكُمْ أَعْمَالَكُمْ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ وَمَنْ

يُطِعِ اللَّهَ وَرَسُولَهُ فَقَدْ فَازَ فَوْزًا عَظِيمًا.

(سورةالأحزاب :الآية- ٧٠-٧١)

"အိုမုအ်မင်နှ သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုမှတပါး အသင်တို့သည် တည်ကြည်ဖြောင့်မတ်သောစကားကို ပြောဆိုကြလေကုန်။ ထို အရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ပြုမှုကျင့်ဆောင် ချက်များကို ပြုပြင်၍ ပေးသနားတော်မူပေမည်။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင်

တို့အဖို့ အသင်တို့၏ ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်တော်မူပေမည်။ စင်စစ်သော်ကား မည်သူမဆို အလွှာဟ်အရှင်မြတ်၏အမိန့်တော်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန် တော်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ လိုက်နာပါမူ မလွဲဧကန် ထိုသူသည် ကြီးကျယ်စွာအောင်မြင်ပြီး ဖြစ်မည်တကား။"

လူကြီးမင်းအပေါင်းတို့ခင်ဗျား---

နေကာဟ်ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းဟာ ဓလေ့ထုံးစံတစ်ခု သက်သက်မဟုတ်သလို စိတ်ဆန္ဒကို ဖြည့်ဆည်းရာ သက်သက်လည်းမဟုတ်ပါ။ အဲ့လိုပဲ နေကာဟ်ဟာ ကောင်းမှုတစ်ခုသက်သက်မဟုတ်ဘဲ ကောင်းမှုပေါင်း မြောက်များစွာ ဆုံစည်းရာ ကောင်းမှုပေါင်းချုပ်ဖြစ်တယ်။ နေကာဟ်ဟာ အစ္စလာမ့်အမိန့် ပညတ်ချက်တစ်ခုတည်းနဲ့ပဲ သက်ဆိုင်တဲ့အရာ မဟုတ်ဘဲ ထောင်သောင်းချီတဲ့ အစ္စလာမ့်အမိန့်ပညတ်ချက်တွေနဲ့ သက်ဆိုင်တဲ့ အရာဖြစ်တယ်။ နေကာဟ်အကြောင်း ကုရ်အာန်ကျမ်းမြတ်မှာလည်း ပါတယ်။ ဟဒီးစ်တော်တွေမှာလည်း

လာရှိတယ်။ ဖေကဟ်ကျမ်းတွေမှာဆိုရင် ကလ္လာတစ်ခုတောင် သီးသီးသန့်သန့်သတ်မှတ်ပြီး ဖော်ပြထားတယ်။

ဒါပေမယ့် ဒီစွန္ဒသ်၊ ဒီတာဝန်ကို အပေါ့ရိုက လုပ်ခြင်းခံနေရသလောက် တခြားဘယ်စွန္ဒသ်မှ မရှိဘူး။ ဒ့ဲထက် ပိုဆိုးတာက နေကာဟ်ပွဲတွေကို အလွှာဟ်အရှင်မြတ်အမိန့် ဖီဆန်တဲ့ပွဲတွေအဖြစ် လုပ်လိုက်ကြပြီ။ စိတ်မိုက်ဉီးဆောင်တဲ့၊ ရှိုက်သွာန်ရဲ့အမိန့်ကို နာခံတဲ့ ဇာတ်ခုံတွေ လုပ်လိုက်ကြပြီ။ မိရိုးဖလာ ဓလေ့ထုံးတမ်းတွေကို ကိုးကွယ်ရာ အဖြစ်သတ်မှတ်လိုက်ကြပြီ။

တကယ်တော့ နေကာဟ်ထဲမှာ ကျတော်တို့ ဘဝတစ်ခုလုံးအတွက် ပြည့်စုံကုံလုံတဲ့ လမ်းညွှန်ချက်တွေ ပါဝင်တယ်။ ဒါကို အထက်မှာ ဖော်ပြခဲ့တဲ့ အာယသ်တော်တွေကို ကြည့်ခြင်းဖြင့် မှန်းဆနိုင်တယ်။ အဲ့ဒီအာယသ်တော်တွေကို နေကာဟ်ခွသ်ဗဟ်မှာ တမန်တော်မြတ်ﷺကိုယ်တော်တိုင်ဖတ်ရွတ်ခဲ့တယ်ဆိုတဲ့ အထောက်အထားတွေလည်း အတိအလင်းရှိတယ်။

ပထမဦးဆုံး အာယသ်တော်ကနေ လူသားမျိုးနွယ်စုစတင်ဖြစ်တည်ရာ သမိုင်းကြောင်းကို တင်ပြထားတယ်။

ဟဇရသ် အာဒမ်علیه السلامကလည်း တစ်ယောက်တည်းဖြစ်ခဲ့တယ်။ သူနဲ့အတူ ဘဝကြင်ဖော်ကလည်း တစ်ဦးတည်းပဲ။ အလ္လာဟ်အရှင်မြတ်က အဲ့ဒီနှစ်ဦးကို ပေါင်းစည်းစေပြီး လူသားမျိုးနွယ်စုကို ဖန်ဆင်းခဲ့တယ်။ ကမ္ဘာမြေပြင်ကို လူသားတွေနဲ့ ဖြည့်ပစ်တော်မူခဲ့တယ်။ အလ္လာဟ်အရှင်မြတ်က သူတို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ဆုံစည်းမှုမှာ ဘယ်လောက်တောင် ဘရိကသ်မဂ််လာ အဖြာဖြာ ချီးမြှင့်လိုက်လဲဆိုတာ ဒီနေ့ ဒွန္ဒယာကြီးက သက်သေခံနေတယ်။

ဒါကို ကြည့်ခြင်းဖြင့် ဒီနေ့ လက်ထပ်ထိမ်းမြားလိုက်တဲ့ အတွဲကိုလည်း စည်ကားသိုက်မြိုက်တဲ့ မိသားစုရိပ်မြုံတစ်ခု ဖန်တီးထုဆစ်မယ့်သူတွေ၊ သာယာလှပပြီး အဓိပ္ပာယ်ရှိတဲ့ မျိုးနွယ်စုတစ်ခု ထူထောင်မယ့်သူတွေအဖြစ် ပြုလုပ်ပေးဖို့ အလ္လာဟ်အရှင်မြတ်အတွက် မခက်လှပါဘူး။ ဒီကောင်းမွန်တဲ့ မျှော်လင့်ချက်တွေကို အလ္လာဟ်အရှင်မြတ် လက်ခံသဘောတူတော်မူပါစေအာမီးန်။

အဲ့ဒီ အာယသ်တော်မှာပဲ ထပ်ပြီးအမိန့်ရှိတယ်။

وَاتَّقُوا اللَّهَ الَّذِي تَسَاءَلُونَ بِهِ وَالْأَرْحَامَ.

"မိမိကို မွေးမြူဖန်ဆင်းတော်မူသောအရှင်ကို ကြောက်ကြပါ၊ ရှက်ကြပါတဲ့။ အဲ့ဒီ အရှင်ရဲ့ အကြောင်းခံနဲ့ အသင်တို့ဟာ တစ်ဦးကို တစ်ဦးတောင်းဆို ကမ်းလှမ်းခဲ့ကြတယ်တဲ့။"

လူကြီးမင်းအပေါင်းတို့ခင်ဗျား...

လူဘဝတစ်ခုလုံးဟာ တောင်းဆိုကမ်းလှမ်းမှုနဲ့ ကင်းလွတ်တယ်ဆိုတာ မရှိဘူး။ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပညာရေးစတဲ့ အားလုံးဟာ တစ်နည်းပြောရရင် တောင်းဆို ကမ်းလှမ်းမှုတွေချည်းပဲ။ တခါတလေမှာ တစ်ဖွဲ့ဟာ တောင်းရမ်းသူ ဖြစ်သွားတယ်။ နောက်တစ်ဖွဲ့ဟာ အတောင်းခံရသူ ဖြစ်သွားတယ်။ ပြီးရင် တောင်းတဲ့သူက အတောင်းခံရတဲ့သူ ပြန်ဖြစ်တယ်။ အတောင်းခံရတဲ့သူက တောင်းတဲ့သူပြန်ဖြစ်ပြန်ရော။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ နိမ့်ကျပါတယ်ဆိုတဲ့သူကိုလည်း ကျွန်တော်တို့ တောင်းဆိုရတယ်။ ဒီလိုနဲ့ တစ်ယောက်ကို တစ်ယောက် လိုအပ်နေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ချိတ်

ဆက်နေတယ်။ တစ်ယောက်က တစ်ယောက်ကို မှီခိုနေရတယ်။ ဘယ်သူမှ ဒီကွင်းဆက်ကနေ ရှောင်မပြေးနိုင်ဘူး။ ဒါဟာ ဖွံ့ဖြိုးတိုးတက်တဲ့ လူမှုဘဝရဲ့ ထူးခြားချက်ပဲ။

ဒါဆို ဒီလက်ထပ်ထိမ်းမြားခြင်းရရော ဘာလဲ? ဒါလဲ ယဉ်ယဉ်ကျေးကျေးနဲ့ မင်္ဂလာပေးတဲ့တောင်းဆိုခြင်း တစ်မျိုးပဲ။ ဂုဏ်သရေရှိ အသိုင်းအဝိုင်းတစ်ခုက နောက်ဂုဏ်သရေရှိ အသိုင်းအဝိုင်းတစ်ခုကို "ကျွန်တော်တို့ရဲ့ ရင်နှင့်သီးချာအသဲမွှာအတွက် ဘဝခရီးဖော် လိုအပ်နေပြီ။ သူ့ဘဝဟာ မပြည့်မစုံ ဖြစ်နေတယ်။ အဲဒါကို ဖြည့်ဆည်းပေးပါ"လို့ တောင်းဆိုကမ်းလှမ်းတယ်။ အဲဒါကို နောက်အသိုင်း အဝိုင်းတစ်ခုက နွေးနွေးထွေးထွေး လက်ခံကြိုဆိုလိုက်တယ်။ ဒီလိုနဲ့ လက်ထပ်မယ့်သူ နှစ်ဦးဟာ အလွှာဟ်အရှင်မြတ်နာမည်ကို ကြားခံထားပြီး ဆုံစည်းသွားကြတယ်။ မနေ့ကထိ ဘယ်သူနဲ့မှ မတူအောင် တစိမ်းဆန်၊ အထီးကျန်ပါပေ့၊ အလှမ်းဝေးလွန်း လှပါပေ့ ဆိုတဲ့ မောင် နဲ့မယ်ဟာ ဘယ်သူမှ မှန်းဆမရတဲ့ နီးခြင်းမျိုးနဲ့ နီးကပ်သွားကြတယ်။ တစ်ယောက်ရဲ့နဖူးစာဟာ တစ်ယောက်နဲ့ဆက်နွယ်ပတ်သက်လာတယ်။

တစ်ယောက်ရဲ့ ကြည်နူးမှုဟာ တစ်ယောက်အပေါ် မှု တည်လာပြီး နှစ်ကိုယ့် တစ်စိတ်ဖြစ်လာတော့တယ်။

ဒါတွေအားလုံးဟာ အလွာဟ်အရှင်မြတ်ရဲ့ နာမတော် အကြောင်းခံနဲ့ ဖြစ်ပေါ်လာတဲ့ အံ့ဖွယ်ဖြစ်ရပ်တွေပဲ။ အဲ့ဒီ အရှင်က ဟရာမ်အရာတွေကို ဟလာလ်ဖြစ်အောင်၊ မပိုင်တဲ့အရာတွေကိုပိုင်အောင် ပြုလုပ်ပေးတော်မူတယ်။ မေ့လျော့ပေါ့ဆမှုနဲ့ မကောင်းမှုဒုစရိုက်တွေကို အမိန့်နာခံရာ၊ ကောင်းမှုကုသိုလ်ပွားများရာ အဖြစ်ပြောင်းလဲ လမ်းညွှန်တော်မူပြီး လူသားပေါင်းများစွာကို မဟာအပြောင်းအလဲကြီးတွေ ဖြစ်ပေါ်စေခဲ့တယ်။

အလွာဟ်အရှင်မြတ်က အာယသ်တော်မှာ ဆက်ပြီး အမိန့်ရှိလိုတာက " အခုလို အလွာဟ့်အကြောင်းခံနဲ့ ဆုံစည်းခွင့်ရတဲ့အပေါ်မှာ တန်းဖိုးထားပါ။ နောက်လည်း အမြဲ အလွာဟ်အရှင်မြတ်ရဲ့ အမိန့်တော်တွေကို ဦးထိပ်ပန်ဆင်ပါ။ အလွာဟ်ရဲ့အကြောင်းခံနဲ့ ကိုယ်လိုချင်တာ ရသွားပြီးတဲ့နောက် အလွာဟ်ကို မေ့မယ်၊ အလွာဟ်အရှင်မြတ်ရဲ့ အမိန့်တော်တွေကို ဖီဆန်မယ်ဆိုရင် ကိုယ်ကျိုးပဲကြည့်တဲ့ အတ္တကြီးသူတွေဖြစ်လိမ့်မယ်။ အဲ့လို အတ္တ

သမားတွေ မဖြစ်ကြဘဲ နောင်လာမယ့် ဘဝတစ်လျှောက် လုံးမှာလည်း အလွှာဟ်အရှင်မြတ်ရဲ့နာမတော်ကို ဦးထိပ် ပန်ဆင်ပြီး မိမိတို့ဘဝခရီးကို ဆက်ကြပါလို့ မိန့်တော်မူ နေတာဖြစ်တယ်။

"အသင်တို့သည် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ ကြကုန်လော့။ အသင်တို့သည် ထိုအရှင်မြတ်အား အကြောင်းပြု၍ မိမိတို့အချင်းချင်း (မိမိတို့၏ အခွင့် အရေးများကို) တောင်းဆိုကြကုန်၏။ ၎င်းအပြင် အ သင်တို့သည် ဆွမျိုးသားချင်းတို့၏ အခွင့်အရေး များကို ဆုံးရှုံးနစ်နာစေခြင်းမှလည်း ကြဉ်ရှောင်ကြ ကုန်လော့"

နောက်ထပ် အလွှာဟ်အရှင်မြတ်က အာယသ်တော် မှာ အမိန့်ရှိလိုတာက" အခြားဆွမျိုး တော်စပ်သူတွေကို လည်း ဥပေက္ခာမပြုဖို့၊ အလွှာဟ်အရှင်မြတ်ရဲ့ အ ကြောက် တရားထားဖို့ အမိန့်ရှိထားတယ်။ အလွှာဟ် အရှင်မြတ်က ဇနီးမောင်နံနှစ်ဦးကို ဆုံစည်းစေပြီးနောက် တစ်ဆက်တည်း ဆွမျိုးသားချင်းတွေကို အဆက်ထား ခိုင်းထားတယ်။ မိဘတွေကို ဂရုစိုက်ခိုင်းထားတယ်။ ညီ

ကိုမောင်နှမတွေရဲ့ တာဝန်ဝတ္တရားတွေကို ကျေပွန်ခိုင်းထားတယ်။ ဆိုလိုတာက ကြင်ဖော်ကြင်ဖက် ရတာဟာ မိဘ၊ ဆွေမျိုးသားချင်းကို မမ့်ပစ်ဖို့မဟုတ်ဘူး။ ဇနီးကိုလည်း ချစ်ရမယ်၊ သူ့ကိုပေးရမယ့် အခွင့်အရေး တွေလည်း အပြည့်အဝပေးရမယ်။ တခြားဆွေမျိုးသား ချင်းတွေကိုလည်း ဥပေက္ခာ မပြုရဘူး။

အဲ့လိုတာဝန်ဝတ္တရားတွေ ပျက်ကွက်ရင်လဲ ဘယ်သူ မြင်မှာလဲလို့ အတွေးဝင်လာသူတွေ အတွက်လည်း အလ္လာဟ်အရှင်မြတ် အမြဲ ကြည့်နေတဲ့ဆိုတဲ့အကြောင်း၊ အားလုံးကို သိတယ်ဆိုတဲ့အကြောင်း ဆက်လက်အမိန့် ရှိထားတယ်။

إِنَّ اللَّهَ كَانَ عَلَيْكُمْ رَقِيبًا.

"ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကြီးကြပ်ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။"

وَنَحْنُ أَقْرَبُ إِلَيْهِ مِنْ حَبْلِ الْوَرِيدِ

"စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်း၏လည်ချောင်းသွေးကြောထက်ပင် ၎င်းနှင့် ပိုမိုနီးကပ်စွာ ရှိနေတော်မူ၏။"

နေကာဟ် ခွသ်ဗဟ်မှာ တမန်တော်မြတ်ﷺမိန့်ချေတဲ့ နောက်အာယသ်တစ်ပုဒ်က---

يَاأَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ حَقَّ تُقَاتِهِ وَلَا تَمُوتُنَّ إِلَّا وَأَنْتُمْ مُسْلِمُونَ. (سورةآل عمران :الآية- ١٠٢)

"အို-မုအ်မင်နဲ့ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေအပ်သည့် အတိုင်း ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် မွတ်စ်လင်မ်များအဖြစ်မှတပါး အခြားအဖြစ်နှင့် မသေဆုံးကြကုန်လင့်။"

တမန်တော်မြတ်ﷺက နေကာဟ်အခမ်းအနားမှာ ဒီအာယသ်တော်ကို ဖတ်ရွတ်ပြီးတော့ ခါးသက်သက်နိုင်တဲ့ အမှန်တရားတစ်ခုဘက်ကို သတိပေး နှိုးဆော်လိုက်တယ်။ ခါးပေမယ့်လည်း မဖြစ်မနေပြောရမယ့် အမှန်

တရားပဲ။ လူသားဟာ မိမိရဲ့ဆုံးခန်းကို သတိလက်လွတ်နဲ့ မေ့လျော့ပေါ့ဆမှုမဖြစ်အောင်၊ အမြဲထာဝရ အတူရှိနေမယ့် အီမာန်ဆိုတဲ့ စည်းစိမ်းဥစ္စာကို ဂရုစိုက်အောင် ခါးသက်သက်နိုင်တဲ့ အမှန်တရားတစ်ခုကို ဒီပျော်ပွဲ ရွှင်ပွဲလိုနေရာမျိုးမှာ သတိပေးတိုက်တွန်းတာဟာ နဗီရဲ့ထူးခြား ဂုဏ်အင်တစ်ခုပဲ။ ဘဝမှာ ဘယ်လောက်ပဲ ပျော်ရွှင်ကြည်နူးနေပါစေ၊ ဘယ်လောက်ပဲ ရှည်လျားတဲ့ သက်တမ်းကို ပိုင်ဆိုင်နေပါစေ အလွှာဟ်အရှင်မြတ် အမိန့်တော်တွေကိုနာခံပြီး အီမာန်နဲ့တကွ ကိုယ့်ဘဝကို အဆုံးသတ်နိုင်ဖို့အရေး အစဉ်သောကထားဖို့ သတိပေးနှိုးဆော်ချင်တာဖြစ်တယ်။

ဒါဟာတကယ့် အမှန်တရားပဲ။ အရည်အချင်း၊ ဥစ္စာဓန၊ ဂုဏ်သိက္ခာ၊ ရုပ်ရည်အလှစတဲ့ ဘက်ဆုံကနေ အလွှာဟ် ချီးမြှင့်ထားလို့ လောကမှာ အအောင်မြင်ဆုံးဖြစ်ခဲ့တဲ့ လူတိုင်းဟာ အထွဋ်အထိပ်ကို ရောက်သွားလို့လဲ ဘယ်တော့မှ အလွှာဟ်ကို မေ့မရဘူး။ တမန်တော်ယူစွတ်ဖ်တောင်းခံခဲ့တဲ့ ဒိုအာတွေကို ကြည့်ခြင်းအားဖြင့် ဒီအချက်ကို မှန်းဆသိရှိနိုင်တယ်။ တမန်တော်ယူစွတ်ဖ်

عليه السلامဟာ အဲ့ဒီဒုိအာတွေကို မိမိခေတ်အခါ သမယမှာ အမြင့်ဆုံး အဆင့်အတန်း၊ ဂုဏ်သိက္ခာကို ပိုင်ဆိုင်ပြီးတဲ့ နောက်မှာ တောင်းခဲ့တာဖြစ်တယ်။ ဒိုအာတွေကတော့ ...

.....

رَبِّ قَدْ آتَيْتَنِي مِنَ الْمُلْكِ وَعَلَّمْتَنِي مِنْ تَأْوِيلِ الْأَحَادِيثِ فَاطِرَ السَّمَاوَاتِ وَالْأَرْضِ أَنْتَ وَلِيِّي فِي الدُّنْيَا وَالْآخِرَةِ تَوَفَّنِي مُسْلِمًا وَأَلْحِقْنِي بِالصَّالِحِينَ.

(سورةيوسف :الآية- ١٠١)

"အို- ကျွန်တော်မျိုးအား ဖန်ဆင်းတော်မူသောအရှင် ဇကန်မလွဲ အရှင်မြတ်သည် ကျွန်တော်မျိုးအား စိုးမိုး အုပ်ချုပ်မှုကို ချီးမြှင့်ပေးသနားတော်မူခဲ့ပါသည်။ ထိုမှ တပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား အိပ်မက် များ၏ ဒိပ်ဓုမ်ကိုလည်း သင်ကြားပေးတော်မူခဲ့ပါသည်။ အို - မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်း တော် မူသောအရှင် ၊ အရှင်မြတ်သည် (ဤ) ပစ္စုပ္ပန် လောကီဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌

လည်းကောင်း ၊ ကျွန်တော်မျိုးဇာ၏ ကိစ္စအဝဝကို စီမံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပါသည်။ အရှင်မြတ်သည် ကျွန်တော်မျိုးအား (မုစ်လင်မ်) အမိန့်တော်ကို လိုက်နာသူအဖြစ်နှင့် ကျတော်မျိုးဇာ၏ အသက်ဇီဝန်ကို နှတ်သိမ်းတော်မူပါ၊ ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား သူတော်စင်တို့နှင့်အတူ တွဲဖက်၍ ပေးတော်မူပါ။"

يَاأَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَقُولُوا قَوْلًا سَدِيدًا .

يُصْلِحْ لَكُمْ أَعْمَالَكُمْ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ وَمَنْ

يُطِعِ اللَّهَ وَرَسُولَهُ فَقَدْ فَازَ فَوْزًا عَظِيمًا.

(سورةالأحزاب :الآية- ٧٠-٧١)

"အို - မုအ်မင်နဉ် သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုမှတပါး အသင်တို့သည် တည်ကြည်ဖြောင့်မတ်သောစကားကို ပြောဆိုကြလေကုန်။ ထို အရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ပြုမှု

ကျင့်ဆောင်ချက်များကို ပြုပြင်၍ ပေးသနားတော်မူပေမည်။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်တော် မူပေမည်။ စင်စစ်သော်ကား မည်သူမဆို အလွှာဟ်အရှင်မြတ်၏အမိန့်တော်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ရစူလ်တမန်တော်မြတ်၏အမိန့်တော်ကိုလည်းကောင်း၊ လိုက်နာပါမူ မလွဲဧကန် ထိုသူသည် ကြီးကျယ်စွာအောင်မြင်ပြီး ဖြစ်မည်တကား။"

ဒီအာယသ်က ခွတ်သ်ဗဟ်မှာ နောက်ဆုံး ဖတ်လေ့ရှိတဲ့ အာယသ်ဖြစ်တယ်။ နေကာဟ်အချိန်မှာ အားလုံးကလည်း သတို့သားရဲ့ ပါးစပ်ကနေ "ကျွန်တော် လက်ခံပါတယ်" ဆိုတဲ့ စကားကို စောင့်ဆိုင်းနေကြတယ်။

ဒီစကား မပြောခင် ကျမ်းမြတ်ကုရ်အာန်က ဘာသင်ခန်းစာတွေ ပေးလည်းဆိုတာ ကြည့်ပါအုံး။ "အို မုအ်မင်နတို့၊ အသင်တို့ အလွှာဟ်ကို ကြောက်ကြနော်၊ တည်ကြည် ဖြောင့်မတ်တဲ့စကားကို ဆိုကြနော်တဲ့။"

ဒါဟာ သတို့သားကို ကျမ်းမြတ်ကုရ်အာန်က လမ်းညွှန်နေတာဖြစ်တယ်။ "ကျွန်တော် လက်ခံပါတယ်"

ဆိုတဲ့စကားရဲ့ တာဝန်ကြီးမှု၊ လေးနက်မှုကို တင်ပြ နေတာဖြစ်တယ်။ သတို့သားပါးစပ်က ထွက်လိုက်တဲ့ စကားလုံးတွေရဲ့ တာဝန်ကြီးမှုကို ဆိုလိုနေတာဖြစ် တယ်။ အဲ့ဒီစကားလုံးတွေ ပြောလိုက်ခြင်းကြောင့် ထွက်ပေါ်လာမယ့် ရလဒ်တွေကို မျှော်မြင်တွေးခေါ် သုံး သပ်ဖို့ သတိပေးနေတာဖြစ်တယ်။ "ကျွန်တော် လက်ခံပါတယ်"ဆိုတဲ့ စကားလုံးဟာ ဘယ်လောက် ကြီးကျယ်တဲ့ တာဝန်ခံမှုကြီးလဲဆိုတာ သဘော ပေါက်စေချင်တာဖြစ်တယ်။ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်လိုအပ်ကြောင်း လမ်းညွှန်နေတာ ဖြစ်တယ်။ ကိုယ်တိုင် ချင့်ချိန်စဉ်းစားမှုမရှိဘဲ သူသူ ငါငါ လူတ ကာက စေ့ဆော်တိုက်တွန်းလို့ လက်ခံလိုက်ရတာ မဖြစ် သင့်ကြောင်း ဆိုချင်တာဖြစ်တယ်။

အဲလိုပဲ သူဟာ စကားတိုင်းကို အရမ်းကာရော မပြော ဘဲ ချင့်ချိန်ပြီးပြောတတ်တဲ့ အကျင့်ဖြစ်သွားမယ်၊ သူ့ထဲ မှာ တာဝန်သိစိတ် ကိန်းအောင်းသွားမယ်ဆိုရင် သူ့ဘဝ တစ်လျှောက်လုံးမှာ သူ့ရဲ့အပြောအဆို၊ အလုပ်အကိုင် အားလုံးဟာ ဖြောင့်မတ်မှန်ကန် သွားလိမ့်မယ်။ ပြီးတော့

သူဟာ အများက စံပြုထိုက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သွားလိမ့်မယ်။ အလွှာဟ်အရှင်မြတ်ရဲ့ မင်္ဂဖရသ်နဲ့ နှစ်သက်ကြည်ဖြူမှုကို ဆက်ခံထိုက်သူ ဖြစ်သွားလိမ့်မယ်။

ဆက်လက်ပြီး အာယသ်တော်ရဲ့ အဆုံးပိုင်းမှာ အလွှာဟ်အရှင်မြတ်က "ဘဝ၏အောင်မြင်မှု အစစ်ဟာ အလွှာဟ်အရှင်မြတ်နဲ့ အလွှာဟ့်ရစူလ်ရဲ့ အမိန့်နာခံမှုထဲမှာပဲရှိတယ်။ စိတ်အလိုကျဘဝနဲ့ မိရိုးဖလာ ဓလေ့ထုံးတမ်းတွေနောက် ငမ်းငမ်းတက်လိုက်ခြင်းထဲမှာ မရှိဘူးဆိုတဲ့" သင်ခန်းစာပေးလိုက်တယ်။

နေကာဟ် အစီအစဉ်ပြီးတဲ့နောက် စွန်ပလွန်သီး အခြောက် ဝေခြင်းဟာလည်း နေကာဟ်အခမ်းအနား တွေရဲ့ ရှေးအစဉ်အလာတစ်ခု ဖြစ်တယ်။

သာဝကကြီးအလီ(ရ)သခင်နဲ့
ဖာသေမဟ်(ရ)သခင်မရဲ့နေကာဟ်

ဖာသေမဟ်(ရ)သခင်မဟာ တမန်တော်မြတ်(ﷺ)ရဲ့ အငယ်ဆုံး သမီးတော်ဖြစ်တယ်။ သခင်မရဲ့ အသက် ၁၈ နှစ်ပြည့်တဲ့အခါ အလီ(ရ)သခင်က နေကာဟ်ပြုဖို့ ကမ်းလှမ်းခဲ့တယ်။ အဲဒီအခါ တမန်တော်မြတ်(ﷺ)က ဖာသေမဟ်(ရ)သခင်မရဲ့ သဘောထားကို မေးမြန်းခဲ့တယ်။ မေးမြန်းတဲ့အခါ သခင်မက ဘာမှမပြောဘဲ ဆိတ်ဆိတ်နေခဲ့တယ်။ ဒါဟာ တနည်းအားဖြင့် ကမ်းလှမ်းချက်ကို သဘောတူလက်ခံခြင်းရဲ့လက္ခဏာဖြစ်တယ်။ ဒါနဲ့ တမန်တော်မြတ်(ﷺ)က အလီ(ရ)သခင်အား "အသင့်မှာ မဟရ်အတွက် ဘာပေးစရာရှိလဲ"လို့မေးမြန်းတော့ အလီ(ရ)သခင်က ဘာမှပြန်မပြောခဲ့ဘူး။ ဒီတော့ တမန် တော်မြတ်(ﷺ)က "ဗဒရ်မှာတုန်းက အသင်ရခဲ့တဲ့(ဟသ္စီနဟ်) သံချပ်ကာအင်္ကျီဘယ်မလဲ"လို့ ထပ်မေးတော့ အဲဒါတော့ ရှိပါတယ်လို့ ဖြေကြားခဲ့တယ်။" ဒါဆို အဲဒါနဲ့ပဲ မဟ်ရ်အတွက်

လုံလောက်ပါတယ်"လို့ တမန်တော်မြတ်ﷺက မိန့်တော်မူခဲ့တယ်။

သံချပ်ကာအင်္ကျီက တော်တော်လေး တန်ဖိုးကြီးမှာပဲလို့ စာရှူသူအပေါင်း ထင်ကောင်း ထင်လိမ့်မယ်။ တကယ်တန်းတော့ သံချပ်ကာအင်္ကျီရဲ့တန်ဖိုးငွေက ၂၅၀၀ - ၃၀၀၀ ကျပ်လောက်ပဲရှိတယ်။ အလီ رضي الله عنه သခင်ဆီမှာလည်း ဒါ့အပြင် နောက်ထပ်အရင်းအနှီးရယ်လို့ သိုးသရေတစ်ချပ်နဲ့ ယီမင်လုပ် စောင်ဟောင်းတစ်ထည်ပဲ ရှိခဲ့တယ်။ အဲဒါတွေ အားလုံးကိုလည်း ဖာတေမဟ် رضي الله عنها သခင်မကိုပဲ ပေးလိုက်တယ်။ အလီ رضي الله عنه သခင်ဟာ နေကာဟ်မလုပ်ခင်ထိ တမန်တော်မြတ် ﷺ နဲ့အတူတူပဲ နေခဲ့တယ်။ လက်ထပ်ထိမ်းမြားပြီးနောက် အိမ်ခွဲနေခဲ့တယ်။

ဟဇရသ် ဟာရေစဟ်ဗင်နဲ့အ်မားန်အန်စွာရီ သ ခင်ဟာ အိမ်ပေါင်းမြောက်များစွာ ပိုင်ဆိုင်ထားသူ ဖြစ်တယ်။ အဲဒီအိမ်တွေထဲမှ အတော်များများကို တမန်တော် မြတ် ﷺ အား ဆက်သပြီးသားဖြစ်တယ်။ တစ်ရက် ဖာတေမဟ် رضي الله عنها သခင်မက ဟာရေစဟ်သခင်ကြီးထံမှ အိမ်တစ်လုံး တောင်းပေးရန် တမန်တော်မြတ် ﷺ အား လျောက်ထားခဲ့

တယ်။ "ဘယ်လောက်ထိ ဟာရေစဟ်ကို ပြောရမလဲ? သူ့ကို ပြောရင်းပြောရင်း ငါကိုယ်တော်ရှက်လှပြီ "လို့ တမန်တော်မြတ်ﷺက မိန့်တော်မူတယ်။ ဒီကိစ္စကို ဟာရေစဟ်သခင်သိတော့ ချက်ချင်းပြေးလာပြီး "ကျွန်တော်ပိုင်ဆိုင်သမျှဟာ ကိုယ်တော့်အတွက်ပဲဖြစ်တယ်၊ အလွှာဟ့်ကစမ် ကိုယ်တော် ဘယ်အိမ်ပဲယူယူ အဲဒီအိမ် ကျွန်တော့်ဆီမှာ ရှိနေတာထက် ကျွန်တော်ပိုပျော်ပါတယ်" လို့ လျောက်ထားခဲ့တယ်။ နောက်ဆုံး ဖာသေမဟ်ﷺသခင်မကို အိမ်တစ်လုံး ဆက်သလိုက်တယ်။ သခင်မကြီးဟာ အဲဒီအိမ်မှာပဲ နေလိုက်တယ်။

နစ်ဘဝသခင် ကျေးဇူးတော်ရှင်ﷺက ဂျန္နသီအမျိုးသမီးများရဲ့ခေါင်းဆောင် ဖွာသေမဟ်သခင်မကို ပေးခဲ့တဲ့ မင်္ဂလာလက်ဆောင်များမှာ ကြိုးကုတင်တစ်ခု၊ စွန်ပလွန်ရွက်တွေထည့်ထားတဲ့ သားရေမွေ့ယာတစ်ခု၊ မြေအိုးတစ်လုံး၊ သားရေရေအိတ်တစ်ခု၊ ကြိတ်စုံနှစ်ခု၊ မြေအိုးကြီး နှစ်လုံး ဖြစ်တယ်။

ဖာသေမဟ်သခင်မ အိမ်အသစ်ကို ရောက်လာတော့ တမန်တော်မြတ်ﷺက သခင်မရဲ့ အိမ်တံခါးဝမှာ ရပ်ပြီး

ဝင်ခွင့်တောင်းခဲ့တယ်။ ပြီးတော့ ရေတစ်ခွက်တောင်းတယ်။ မိမိရဲ့လက်နှစ်ဖက်ကို ရေထဲနှစ်ကာ အလီသခင်ရဲ့ ရင်ဘတ်နဲ့ လက်မောင်းတွေပေါ် ရေနဲ့တောက်တယ်။ ပြီးနောက် ဖာသေမဟ်သခင်မကိုလည်း ခေါ်တော်မူတယ်။ သခင်မက ရှက်သွေးဖြာကာ တွန့်ဆုတ်တွန့်ဆုတ်နဲ့ ရောက်လာတယ်။ သခင်မရဲ့ ခန္ဓာကိုယ်ပေါ်ကို လည်းကိုယ်တော်က ရေနဲ့ တောက်တယ်။ ပြီးနောက် "ငါကိုယ်တော်ဟာ အသင်မကို ငါတို့အမျိုးထဲက အမွန်မြတ်ဆုံးသူနဲ့ လက်ထပ်ပေးခဲ့တယ် "လို့ မိန့်တော်မူခဲ့တယ်။

(سيرت رسول أكرم ﷺ ص١٤٤-١٤٥)

အလီ رضي الله عنه သခင်နဲ့ဖာသေမဟ် رضي الله عنها သခင်မတို့ရဲ့ စားဝတ်နေရေးအခြေအနေ

အလ္လာဟ်အချစ်ဆုံး ရစူလ်တမန်တော်နဲ့ ရစူလ်အ ချစ်ဆုံး အလီသခင် ၊ ဖာသေမဟ်သခင်မတို့ရဲ့ စားဝတ် နေရေးဟာ အင်မတန်ရိုးရှင်းတယ်။ ခွန်အီတရားလက်ကိုင် ထားပြီး ကျပ်ကျပ်တည်းတည်းနဲ့ နေထိုင်ကျင်လည်ရ တယ်။

ဟဇရသ် အသ္စာအ်ထံမှ ဆင့်ပြန်ချက်တစ်ခု လာရှိ တယ်။ ဟဇရသ်အလီသခင်က ပြောပြတယ်။ ကျွန်တော် တို့ အိမ်မှာရော၊ တမန်တော်မြတ် ﷺ ထံမှာရော စား စရာဆိုလို့ ဘာမှမရှိတဲ့ ရက်တွေနဲ့ ကြုံဆုံဖူးတယ်။ အဲ့လို ဖြစ်နေတဲ့ကာလမှာ တစ်ရက် ကျွန်တော်အပြင် ထွက် သွားတော့ လမ်းမှာ ဒီနားရိတစ်ခုတွေ့တယ်။ ကျွန်တော် လည်း တွေ့တွေ့ချင်း ချက်ချင်းရပ်လိုက်တယ်။ ပြီးတော့ ကျွန်တော် အဲ့ဒါကို ကောက်ရမလား၊ မကောက်ရဘူး လား စဉ်းစားတယ်။ ဒါပေမဲ့ တအားမွဲတေလွန်းနေတော့ ကောက်မယ်လို့ပဲ ဆုံးဖြတ်ပြီး ကောက်လိုက်တယ်။ ပြီး

တော့ အခဲ့ဒီပိုက်ဆံကို အပြင်ကနေ ကောက်ပဲသီးနှံတွေ သယ်ဆောင်လာတဲ့ ကုလားအုတ်သမားတွေကို ပေးပြီး ဂျုံယူလိုက်တယ်။ အဲဒီဂျုံကို ဖာသေမဟ်သခင်မကို ပေးလိုက်တယ်။ နယ်ပြီးမုန့်လုပ်ဖို့ ပြောလိုက်တယ်။ သခင်မလည်း နယ်ရင်းနယ်ရင်း ဆာလောင်မွတ်သိပ်မှု အရှိန်ကြောင့် အားပြတ်ပြီး ဂျုံနယ်နေတဲ့ အိုးပေါ်လက်ကပြုတ်ပြုတ်ကျတော့ ထိခိုက်ဒဏ်ရာ ရသွားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သခင်မဟာ မုန့်တော့ရအောင်လုပ် လိုက်တယ်။ ကျွန်တော်လည်း တမန်တော်မြတ်ﷺထံ သွားပြီး ဖြစ်ကြောင်းကုန်စင် ပြောပြတော့ ကိုယ်တော်က "အသင်တို့ အခဲ့ဒီမုန့်ကို စားလိုက်ကြပါ။ ဒါဟာအသင်တို့အတွက် အလွှာဟ်အရှင်မြတ်က ပို့ပေးတော်မူလိုက်တာဖြစ်တယ်" လို့ မိန့်တော်မူခဲ့တယ်။(كنز العمال،ج ٧،ص٣٢٨)

ဟဇရသ် ဟန်နားဒ် ဒိုင်နဝရီ ရှအ်ဗီသခင်က ဆင့်ပြန်တယ်။ သာဝကကြီး အလီ؈သခင်က မိန့်တော်မူခဲ့တယ်။ "ကျွန်တော် ဖာသေမဟ်သခင်မနဲ့ နေကာဟ်ပြုတော့ ကျွန်တော်တို့ဆီမှာ သိုးသားရေနဲ့လုပ်ထားတဲ့ အိပ်ယာကလွဲပြီး တခြားဘာမှမရှိဘူး။ ညမှာ အဲဒီ အိပ်ယာပေါ် အိပ်

တယ်။ နေ့မှာ အဲဒီအိပ်ယာထဲမှာပဲ ဆိတ်တွေကို အစာကျွေးတယ်။ ဒါ့အပြင် ကျွန်တော်တို့ဆီမှာ ဘာအစေခံမှ လည်း မရှိဘူး။(كنز العمال، ج ٧، ص ١٣٣)

သွဗ်ရာနီက ခိုင်မာတဲ့ ဟဒီးစ်တစ်ပုဒ်ကို ဆင့်ပြန်ထားတယ်။ ဟဇရသ် ဖာသေမဟ်သခင်မက အမိန့်ရှိတယ်။ တစ်ရက် တမန်တော်မြတ်ﷺက သူတို့ဆီ ကြွမြန်းလာပြီး ငါ့ကလေးတွေ(ဟဇရသ်ဟစန်၊ ဟုစိုင်းန်) ဘယ်မှာလဲလို့ မေးတယ်။ ဒီနေ့မနက် ကျွန်မတို့ အိပ်ယာထတော့ မြည်းစရာရယ်လို့ကို အိမ်မှာဘာမှမရှိဘူး။ ဒါနဲ့ သူတို့အဖေက "ငါသူတို့ကို အပြင်ခေါ်သွားလိုက်မယ်။ အိမ်မှာနေရင် အသင်မရှေ့မှာ သူတို့ ငိုနေလိမ့်မယ်။ အသင်မဆီမှာလည်း သူတို့ငြိမ်သွားအောင် ကျွေး စရာရယ်လို့လဲ ဘာမှရှိတာမဟုတ်ဘူး" လို့ပြောပြီး ခေါ်သွားလိုက်တယ်။ ဒီလိုနဲ့ အလီသခင်ဟာ ယဟူဒီတစ် ယောက်ဆီသွားလိုက်တယ်။ တမန်တော်မြတ်ﷺလည်း အဲဒီနေရာကို ကြွမြန်းသွားခဲ့တယ်။ ကိုယ်တော်ရောက်ရှိသွားတော့ ကလေးနှစ်ယောက်က ရေတကောင်းနဲ့ ဆော့ကစားနေတာတွေ့တယ်။ သူတို့ရှေ့မှာ စွန်ပလွန်သီး အကြွင်းအကျန်

အပဲ့အရွဲ့လေးတွေလည်း ရှိတယ်။ ဒါနဲ့ကိုယ်တော်က "အလီရေ ကလေးတွေကို အိမ်ခေါ်သွားလိုက်တော့။ အပူရှိန်လည်း တက်နေတယ်"

ဆိုတော့ အလီ﵁သခင်က ဒီနေ့မနက်ကတည်းက ကျွန်တော်တို့အိမ်မှာ စားစရာ တစ်စေ့မှ မရှိဘူး။ အိုအလ္လာဟ်ရဲ့ရစူလ် ကိုယ်တော် ခဏစောင့်ပေးမယ်ဆိုရင် ကျွန်တော် ဖာသေမဟ်သခင်မအတွက် စွန်ပလွန်သီး အကြွင်းအကျန်လေးတွေ နည်းနည်း စုလိုက်ဆောင်းလိုက်အုံးမယ်။ ဒါနဲ့ ကိုယ်တော်မြတ်လည်း ခဏထိုင်နေလိုက်တယ်။ နောက်ဆုံး အလီ﵁သခင်ဟာ စွန်ပလွန်သီးတွေစုပြီး အဝတ်တစ်ခုထဲ ထည့်ပတ်လိုက်တယ်။ ကလေးနှစ်ယောက်ကိုလည်း ချီပြီး ခေါ်သွားလိုက်တယ်။

(الترغيب والترهيب للمنذري،ج ٥،ص ١٧١)

အေမာမ် ဗုခါရီသခင်က ဟဒီးစ်တစ်ပုဒ် ဆင့်ပြန်ထား တယ်။ သာဝကကြီး အလီသခင်မိန့်တော်မူတယ်။ ဖာ သေမဟ် ﵂ သခင်မဟာ ကြိတ်ဆုံ ကြိတ်ရင်းကြိတ်ရင်း စိတ်ပျက်လာတယ်။ တမန်တော်မြတ်ﷺထံ စစ်သုံ့ပန်း အဖြစ် ကျွန်တွေရောက်လာတယ်ဆိုတဲ့ သတင်းရတော့ သခင်မက တမန်တော်မြတ်ﷺဆီ အခစားဝင်ဖို့ သွားခဲ့ တယ်။ ဒါပေမယ့် ကိုယ်တော်မရှိတော့ အာအေရှာဟ် ﵂ သခင်မကိုပဲ ခုနကပြောချင်တဲ့ စကားတွေ ပြောခဲ့လိုက် တယ်။ အာအေရှာဟ်သခင်မက ကိုယ်တော့်ကို လျောက် ထားပေးလိုက်တယ်။ နောက် ကိုယ်တော်မြတ်ﷺဟာ ကျွန်တော်တို့ဆီ ကြွမြန်းလာခဲ့တယ်။ ကျွန်တော်တို့ အိပ် တဲ့ နေရာထိ ကိုယ်တော်ကြွလာတယ်။ ကျွန်တော်တို့ ထ မယ် လုပ်တော့ ကိုယ်တော်က အသင်တို့ နေရာမှာပဲ နေ ပါလို့ မိန့်တော်မူလိုက်တယ်။ အဲဒီအချိန်က ကိုယ်တော့် ခြေတော်မြတ်ရဲ့ အအေးဓာတ်ဟာ ကျွန်တော့် ရင်ဘတ် ပေါ် ရောက်လာတာကို ကျွန်တော်ခံစားမိတယ်။

ပြီးနောက် ကိုယ်တော်က မိန့်တော်မူတယ်။ အသင် တို့ လိုချင်တာထက် ကောင်းတဲ့ဟာ ငါကိုယ်တော် ပြော

ပြရမလား? အသင်တို့ အိပ်ယာဝင်ရင် စွတ်ဗ်ဟာနလ္လာဟ် ၃၃ ကြိမ်၊ အလ်ဟမ်ဒုလစ်လ္လာဟ် ၃၃ ကြိမ်၊ အလ်လာဟို့အက်ဗရ် ၃၄ ကြိမ် ဖတ်တဲ့အကျင့်လုပ်ကြပါ။ အဲဒါက အသင်တို့ တောင်းနေတာထက် ပိုပြီး အသင်တို့အတွက် အသုံးဝင်လိမ့်မယ်။

صحيح البخاري، كتاب الجهاد، باب الدليل علي أن الخمس لنوائب رسول الله صلي الله عليه وسلم.

အချုပ်ဆိုရသော် မွတ်စ်လင်မ်တို့သည် အရေးကိစ္စဟူသမျှ၌ အစ္စလာမ်သာသနာတော်ကို ဦးထိပ်ပန်ဆင်ရမည်ဖြစ်၏။ အစ္စလာမ့်အပြင် အခြားအရာများကို ဦးစားမပေးရပေ။ သာယာအေးချမ်းသော ဘဝတစ်ခုကို ရရှိခံစားနိုင်ရန် အကောင်းဆုံးသောရိပ်မြုံမှာ အစ္စလာမ့်အေးရိပ်ဆာယာပင်ဖြစ်၏။

ထို့ကြောင့် နေကာဟ်ထိမ်းမြားခြင်းနှင့် အိမ်ထောင်ရေး ဘဝခရီးလမ်း ဖြောင့်ဖြူးရန်အလို့ငှာ အစ္စလာမ် သာသနာတော်၏အမိန့်တော်များကိုသာ အပြည့်အဝလိုက်နာ ကျင့်သုံးရမည်ဖြစ်၏။ စိတ်၏အလိုဆန္ဒကိုလိုက်၍ အစ္စလာမ့်အဆုံးအမနှင့်ဆန့်ကျင်သော ဓလေ့ထုံးတမ်း

များကို ကျင့်မူဆောင်ရွက်ခြင်း မပြုသင့်ပေ။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်ကိုယ်တိုင်ပင် အီမာန်ရှင်အားလုံးကို အစွလာမ်သာသနာတော်အတွင်းသို့ အပြည့်အဝ ဝင်ရောက်ကြရန် အောက်ပါအတိုင်း အတိအလင်း အမိန့်ရှိထားတော်မူသည်။

يَاأَيُّهَا الَّذِينَ آمَنُوا ادْخُلُوا فِي السِّلْمِ كَافَّةً وَلَا تَتَّبِعُوا خُطُوَاتِ الشَّيْطَانِ إِنَّهُ لَكُمْ عَدُوٌّ مُبِينٌ.

အို-ယုံကြည်သူ 'မုအ်မင်န်'အပေါင်းတို့ အသင်တို့သည် အစွလာမ်သာသနာတော်အတွင်းသို့ လုံးလုံးလျားလျား (စိတ်ရောကိုယ်ပါ) ဝင်ကြကုန်လော့၊ ၎င်းပြင် ရှိုင်သွါန်၏ နောက်သို့ ဖဝါးခြေထပ် မလိုက်ကြ ကုန်လင့်၊ ထိုရှိုင်သွါန်သည် မုချ အသင်တို့အဖို့ ထင်ရှားသော ရန်သူပင် ဖြစ်ပေသည်။ (၂း၂၀၈)

အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့်အညီ တမန်တော်မြတ်ﷺ၏ လမ်းစဉ်တော်အတိုင်း ဘဝသက်တမ်း အပြည့်အဝ လျှောက်လှမ်းနိုင်ကြပါစေ။ အာမီးန်

تم بحمد الله